
## ကိုင်း

Scientific name - *Saccharum spontaneum* L.

Common name - Wild sugarcane

Family - Poaceae






အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်ဖြစ်၍ ထောင်မတ်လျက်ပေါက်သည်။ သေးသွယ်ရှည်လျားသောပင်စည်ဖြစ်ပြီး ၁၀၀ - ၂၀၀ စင်တီမီတာထိမြင့်သည်။ ပင်စည်နှင့် အရွက်တို့ကြမ်းသည်။ သန်မာသော မြေအောက်ပင်စည်ပါရှိသည်။ တစ်နေရာတည်းမှ စုပြုံထွက်သည်။ ရွက်ပြားသည် သေးသွယ်ရှည်လျားပြီး ရွက်နားကြမ်း၍ ထိပ်ချွန်သည်။ ပင်စည်သည် အစိမ်းရောင် ၊မီးခိုးရောင်၊ ဆင်စွယ်ရောင် သို့မဟုတ် အဖြူရောင်ရှိပြီး မာကြောသည်။ သို့ရာတွင် ဖော့သားပါသော အူတိုင်ပါခြင်းနှင့် တစ်ခါတစ်ရံ အခေါင်းပေါက်အဖြစ်တွေ့ရသည်။ ပင်စည်မှ ရှည်လျားသောပိုးမျှင်ဖြူရောင်အနံ့များ ထွက်သည်။ ပန်းခိုင်မှာ လုံ့သွားပုံရှိပြီး ကိုင်းဖြာသည်။ ခွံစပ်တစ်စေ့သီးဖြစ်သည်။ အစေ့၊ ပင်စည်ပိုင်းပြတ်များနှင့် မြေအောက်ပင်စည်အားဖြင့် မျိုးပွားသည်။